**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ်      /၂၀၁၇**

**၁၃၇၈ ခုနှစ် ၊            လ   ရက်**

**(၂၀၁၇ ခုနှစ် ၊            လ   ရက်)**

# စည်ပင်သာယာရေးကော်မတီဝင်များရွေးချယ်ခြင်းဆိုင်ရာနည်းဥပဒေ

## နိဒါန်း

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေပုဒ်မ ၉၈ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ စည်ပင်သာယာရေးကော်မတီများ ရွေးချယ်ခြင်း ဆိုင်ရာနည်းဥပဒေကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဝင်များရွေးချယ်ခြင်း ဆိုင်ရာ နည်းဥပဒေဟု ခေါ်တွင်စေရမည်။ ဤနည်းဥပဒေသည် ပဲခူးတိုင်းဒေသကြီး၌ အာဏာသက်ရောက်စေရမည်။

၂။ ဤနည်းဥပဒေတွင်ပါရှိသော စကားရပ်များသည် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည့်အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေကို ဆိုသည်၊

(ခ) **နည်းဥပဒေ** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ကော်မတီဝင်များရွေးချယ် ခြင်းဆိုင်ရာနည်းဥပဒေကို ဆိုသည်၊

(ဂ) **ရွေးချယ်ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဥပဒေနှင့်အညီ စည်ပင်သာယာရေး ကော်မတီ အဆင့်ဆင့်၏ ကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များ ကြီးကြပ် ရွေးချယ်နိုင်ရေးအတွက် ဖွဲ့စည်းထားသော အဖွဲ့ကိုဆိုသည်၊

(ဃ) **အိမ်ထောင်စု** ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနက သတ်မှတ်ပေးသော အိမ်ထောင်စုစာရင်း ပုံစံ ၆၆/၆ ပါစာရင်းကို ဆိုသည်၊

(င) **မဲစာရင်း** ဆိုသည်မှာ စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ဖွဲ့စည်းနိုင် ရေးအတွက် သတ်မှတ်ထားသော မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်

အတွင်းရှိ မဲဆန္ဒနယ်မြေများတွင်ရှိသည့် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများ၏စာရင်းကိုဆိုသည်၊

(စ) **ဆန္ဒမဲလက်မှတ်** ဆိုသည်မှာ ကော်မတီဝင်များကိုရွေးချယ်ရာတွင် အသုံးပြုသည့် ပုံစံစာရွက် သို့မဟုတ် ပုံစံကဒ်ပြားကိုဆိုသည်၊

(ဆ) **အိမ်ထောင်စုကိုယ်စားလှယ်** ဆိုသည်မှာ အိမ်ထောင်စုအကြီးအကဲ အိမ်ထောင်ဦးစီး ကိုဖြစ်စေ၊ အိမ်ထောင်ဦးစီးမရှိလျှင် ၎င်း၏ကိုယ်စား ဤဥပဒေအရဆောင်ရွက်နိုင်သည့် အသက်(၁၈)နှစ် ပြည့်ပြီးသော အိမ်ထောင်စုဝင်တစ်ဦးဦး ကိုဖြစ်စေဆိုသည်။

## အခန်း(၂)

## စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၏အရည်အချင်း

၃။ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်အဖြစ်ရွေးချယ်ရာတွင် အောက်ပါအရည်အချင်းများနှင့်ကိုက်ညီသူများကိုသာ ရွေးချယ်ရမည်-

(က) အများပြည်သူ ကြည်ညိုလေးစားသူ၊

(ခ) ပြည်သူ့အကျိုး သယ်ပိုးဆောင်ရွက်လိုသူ၊

(ဂ) သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လက်ရှိတစ်ဆက်တည်း(၅)နှစ် အခြေချနေထိုင်လျက်ရှိသူ။ ( ဒေသခံအငြိမ်းစားဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သည့်ကာလကို လျော့ပေါ့စဉ်းစားနိုင်သည်။)

(ဃ) နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားလာသည့် နိုင်ငံသားဖြစ်သူ၊

(င) အသက်(၂၅)နှစ်ပြည့်ပြီး ကျန်းမာရေးကောင်းမွန်သူ၊

(စ) တက္ကသိုလ်ဝင်တန်း/အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ၊

(ဆ) ရာဇဝတ်မှုပြစ်ဒဏ် ကျခံနေဆဲမဟုတ်သူ (သို့မဟုတ်)ရာဇဝတ်မှု ရင်ဆိုင်နေဆဲမဟုတ်သူ၊

(ဇ) ကော်မတီ၏တာဝန်များအား အချိန်မရွေးတာဝန်ထမ်းဆောင်နိုင်သူ၊

(ဈ) အကျင့်စာရိတ္တကောင်းမွန်သူ၊

(ည) သမ္မာအာဇီဝလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုသူ၊

(ဋ) မိမိကိုယ်တိုင် ဆန္ဒပြုသူ၊

(ဌ) စည်ပင်သာယာရေးလုပ်ငန်းများနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်စပ်သော လုပ်ငန်းများ လုပ်ကိုင်နေခြင်းမဟုတ်သူ။

၄။ အောက်ပါပုဂ္ဂိုလ်များအား ကော်မတီဝင်လောင်းအဖြစ် ရွေးချယ်ခံပိုင်ခွင့်မရှိစေရ-

(က) နိုင်ငံ့ဝန်ထမ်းများနှင့် သာသနာ့ဝန်ထမ်းများ၊

(ခ) အမည်ပျက်စာရင်း တင်သွင်းခံထားရသူများ၊

(ဂ) စိတ်ပေါ့သွပ်သူဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊

(ဃ) နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကိုခံယူစောင့်ရှောက်ရှိသေသူ သို့မဟုတ် လက်အောက်ခံဖြစ်သူ ၊

(င) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသား သော်လည်းကောင်း ခံစားရသောအခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ၊

(စ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြား အဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ အထောက် အပံ့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

(ဆ) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံးက ကြေညာခံထားရခြင်းမှ မလွတ်မြောက်သေးသူ၊

(ဇ) မိမိကိုယ်ရေးအချက်အလက်များအား မမှန်မကန်တင်ပြသူ။

## အခန်း(၃)

## စည်ပင်သာယာရေးကော်မတီဝင်များရွေးချယ်ကြီးကြပ်ရေးအဖွဲ့များဖွဲ့စည်းခြင်း

၅။ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ(က)အရ တိုင်းဒေသကြီး စည်ပင် သာယာရေးကော်မတီဝင်များ ရွေးချယ်နိုင်ရန်အတွက် သက်ဆိုင်ရာခရိုင်အလိုက် ခရိုင် ရွေးချယ်ကြီးကြပ်ရေး အဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (ခ) | ခရိုင်ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ပေးအပ်သူ(၂)ဦး | အဖွဲ့ဝင် |
| (ဂ) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ခရိုင်ဥပဒေအရာရှိ | အဖွဲ့ဝင် |
| (င) | ခရိုင်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (စ) | အမှုဆောင်အရာရှိ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့(ခရိုင်တာဝန်ခံ)<br>အတွင်းရေးမှူး | |

၆။ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ(ခ)အရ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များရွေးချယ်နိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်အလိုက် မြို့နယ် ရွေးချယ်ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ပေးအပ်သူ(၂)ဦး | အဖွဲ့ဝင် |

(ဂ) မြို့နယ်အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဃ) မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူးအဖွဲ့ဝင်

(င) မြို့နယ်ဥပဒေအရာရှိ အဖွဲ့ဝင်

(စ) မြို့နယ်ရဲတပ်ဖွဲ့မှူး အဖွဲ့ဝင်

(ဆ) အမှုဆောင်အရာရှိ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အတွင်းရေးမှူး

၇။ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ မြို့စည်ပင်သာယာရေး ကော်မတီဝင်များရွေးချယ်နိုင်ရန်အတွက် သက်ဆိုင်ရာမြို့အလိုက် မြို့ရွေးချယ်ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါ အတိုင်း ဖွဲ့စည်းရမည်-

(က) မြို့နယ်ရွေးကောက်ပွဲကော်မရှင်မှတာဝန်ပေးအပ်သူ(၁)ဦး ဥက္ကဋ္ဌ

(ခ) မြို့နယ်ရွေးကောက်ပွဲကော်မရှင်မှတာဝန်ပေးအပ်သူ(၂)ဦး အဖွဲ့ဝင်

(ဂ) မြို့အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဃ) မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန အဖွဲ့ဝင်
ဦးစီးမှူးမှ တာဝန်ပေးအပ်သူတစ်ဦး

(င) မြို့နယ်ဥပဒေအရာရှိမှ တာဝန်ပေးအပ်သူတစ်ဦး အဖွဲ့ဝင်

(စ) မြို့နယ်ရဲတပ်ဖွဲ့မှူးမှ တာဝန်ပေးအပ်သူတစ်ဦး အဖွဲ့ဝင်

(ဆ) အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အတွင်းရေးမှူး
တာဝန်ပေးအပ်သူတစ်ဦး

၈။ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အလိုက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးချယ်ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဥက္ကဋ္ဌ

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင်
တာဝန်ပေးအပ်သူ(၂)ဦး

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးစာရေး အဖွဲ့ဝင်

မှတ်ချက်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဟုဆိုရာတွင် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာ ရေး ဥပဒေပုဒ်မ ၁၂ (ဂ)အရ မြို့နယ်စည်ပင်သာယာ ရေးနယ်နိမိတ်အတွင်းရှိ မြို့များ သို့မဟုတ် မြို့နှင့်တစ်ဆက်တစ်စပ် တည်းရှိသောဒေသများ သို့မဟုတ် မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြို့စည်ပင်သာယာ ရေးနယ်နိမိတ်အဖြစ် အကျုံးဝင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာများကို ဆိုသည်။

## အခန်း(၄)

## ရွေးချယ်ကြီးကြပ်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များ

### ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ

၉။ မဲဆန္ဒနယ်မြေတစ်ခုလျှင် ကော်မတီဝင်လောင်း(၃)ဦးစီ ရွေးချယ်ပေးရမည်။

၁၀။ ရွေးချယ်ခံမည့် ကော်မတီဝင်လောင်းများသည် ကော်မတီဝင်လောင်းရွေးချယ်မည့်နေ့ရက် ကြေငြာသည့်ရက်မှ (၇)ရက်အတွင်း စည်ပင်သာယာရေးကော်မတီဝင်လောင်းလျှောက်လွှာ ပုံစံ(က)ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့ထံ ရွေးချယ်ပွဲဝင်ခွင့် မှတ်ပုံတင်ကြေး ငွေကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း)နှင့်အတူ ကိုယ်တိုင်တင်သွင်းရမည်။ သတ်မှတ်ရက်ထက်ကျော်လွန် တင်သွင်းလာသော လျှောက်လွှာများကို လက်ခံခြင်းမပြုရ။

၁၁။ ရွေးချယ်ခံမည့် ကော်မတီဝင်လောင်းတစ်ဦးသည် မိမိ၏လျှောက်လွှာကို မိမိဆန္ဒအလျောက် ရုပ်သိမ်းလိုလျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သို့ ကော်မတီဝင် လောင်း ရွေးချယ်မည့်နေ့ရက်မတိုင်မီ(၁၄)ကြိုတင်၍ ရုပ်သိမ်းလွှာကို ကိုယ်တိုင်တင်ပြရမည်။ ကော်မတီဝင်လောင်း လျှောက်လွှာနှင့်အတူပေးသွင်းခဲ့သော ရွေးချယ်ပွဲဝင်ခွင့်မှတ်ပုံတင်ကြေးကို ပြန်လည်ထုတ်ယူခွင့်မရှိစေရ။

၁၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် အမည်စာရင်းတင်သွင်း လာသော ရွေးချယ်ခံမည့် ကော်မတီဝင်လောင်းများ၏ အမည်စာရင်းကို နည်းဥပဒေ ၃ နှင့် ၄ ပါ အရည်အချင်းများအရ စိစစ်အတည်ပြုပြီး မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သို့တင်ပြကာ (၃)ရက်အတွင်း အများသိရှိစေရန် ထုတ်ပြန်ကြေငြာရမည်။

၁၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ရွေးချယ်ခံမည့် ကော်မတီဝင် လောင်းအမည်စာရင်း၊ ကန့်ကွက်ခြင်းကြောင့် ကော်မတီဝင်လောင်းအဖြစ်မှ ပယ်ဖျက်ခံရသည့် အမည်စာရင်း နှင့် ကော်မတီဝင်လောင်းအဖြစ်မှ မိမိဆန္ဒအလျောက်ရုပ်သိမ်းသည့် အမည်စာရင်းတို့အား ကော်မတီဝင်လောင်း ရွေးချယ်မည့်နေ့မတိုင်မီ (၁၀)ရက်ကြိုတင်၍ မြို့နယ် ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

၁၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီဝင်လောင်း ရွေးချယ်နိုင်ရေးအတွက် မဲရုံ၊ လျှို့ဝှက်မဲပေးခန်း၊ မဲပုံး၊ ဆန္ဒမဲလက်မှတ်နှင့် မဲစာရင်းများကို ကော်မတီဝင်လောင်း ရွေးချယ်မည့်နေ့မတိုင်မီ(၁)ရက် ကြိုတင်၍ ပြင်ဆင်ဆောင်ရွက်ထားရှိပြီး ဖြစ်ရမည်။

၁၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီဝင်လောင်း ရွေးချယ်နိုင်ရေးအတွက် မဲရုံတွင်တာဝန်ထမ်းဆောင်မည့် မဲရုံမှူးအပါအဝင် အောက်ပါမဲရုံအဖွဲ့ ဝင်များ ကို အမည်စာရင်းပြုစု၍ တာဝန်ပေးခန့်အပ်ရမည်-

| | | |
|---|---|---|
| (က) | မဲရုံမှူး | (၁)ဦး |
| (ခ) | မဲစာရင်းစစ်ဆေးသူ | (၂)ဦး |
| (ဂ) | မဲလက်မှတ်ထုတ်ပေးသူ | (၂)ဦး |

(ဃ) မဲရုံစောင့် (၂)ဦး

၁၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် မဲရုံပရဝုဏ်နေရာကို ညှိနှိုင်းသတ်မှတ်၍ အဆိုပါနေရာလုံခြုံရေးအတွက် သက်ဆိုင်ရာနယ်မြေရှိ လူမှုအဖွဲ့အစည်းများဖြစ်သော ကြက်ခြေနီ၊ မီးသတ်အဖွဲ့များနှင့် ကြိုတင်ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ထားရှိရမည်။

၁၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် မဲရုံပရဝုဏ်အတွင်း စည်းရုံး လှုံ့ဆော်ခြင်း၊ မဲရုံပရဝုဏ်အနီးဝန်းကျင်တွင် အသံချဲ့စက်များဖွင့်ခြင်းများ မရှိစေရေးနှင့် မဲမသမာမှုများ မဖြစ်စေရေး ကြီးကြပ်ရမည်။

၁၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ဆန္ဒမဲပေးမည့်နေ့ရက်၊ အချိန်နှင့် မဲရုံတည်နေရာတို့ကို အများသိရှိစေရန် ကော်မတီဝင်လောင်းရွေးချယ်မည့် နေ့မတိုင်မီ(၃)ရက်ကြိုတင်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း လှည့်လည်ကြေညာရမည်။

၁၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အလိုက် ကော်မတီဝင်လောင်းတစ်ဦးချင်းစီ၏ခိုင်လုံဆန္ဒမဲရလာဒ်ကို ကြေညာ၍ ဆန္ဒမဲအများအနည်း အလိုက် ဦးစားပေးအစီအစဉ်ကို ပုံစံ(ဃ)ဖြင့် ပြုစုထိန်းသိမ်းထားရှိရမည်။

၂၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ဆန္ဒအများဆုံးရရှိသော ကော်မတီဝင်လောင်း(၃)ဦးကို ရွေးချယ်ကြောင်း စာရင်းပြုစုကြေညာပြီး ပုံစံ(င)ဖြင့် မြို့နယ် ရွေးချယ် ကြီးကြပ်ရေးအဖွဲ့သို့ နေ့ချင်းအပြီး တင်ပြရမည်။

**မြို့ရွေးချယ်ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

၂၁။ မြို့ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် မြို့စည်ပင်သာယာရေးကော်မတီဝင်ရွေးချယ်ခြင်းကို မြို့စည်ပင် သာယာရေးနယ်နိမိတ်အတွင်းရှိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုချင်းစီမှ ရွေးချယ်ထားပြီးသော ကော်မတီဝင်လောင်း(၃)ဦးစီအနက်မှ မြို့နယ်စည်ပင်သာယာရေးကော်မတီ၌ ပါဝင်သည့် ကော်မတီဝင်များကို ချန်လှပ်၍ ကျန်သောရွေးချယ်ခံကော်မတီဝင်လောင်းများကို ဖိတ်ကြားပြီး မြို့စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(၁)ဦးနှင့် ကော်မတီဝင်(၂)ဦးကို ရွေးချယ်ရမည်။ ထိုသို့ရွေးချယ်ရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် ဆန္ဒမဲပေးရွေးချယ်မည့်နေရာ၊ လျှို့ဝှက်မဲပေးခန်း၊ လိုအပ်သည့် စာရွက်စာတမ်းများနှင့် အထောက်အကူ ပစ္စည်းများအား ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိရမည်။ ၎င်းအပြင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် မြို့ ကော်မတီဝင်လောင်းများ၏အမည်စာရင်းကို ကော်မတီဝင် လောင်းအားလုံးထံ ကြိုတင်ဝေငှ ပေးထားရမည်။

၂၂။ မြို့ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီဝင်လောင်းတစ်ဦးချင်းစီရရှိသော ဆန္ဒမဲရလာဒ်များကို ကြေညာ၍ ဆန္ဒမဲအများအနည်းအလိုက် ဦးစားပေးအစီအစဉ်ကို ပုံစံ(ဃ)ဖြင့် မှတ်တမ်း ပြုစုရမည်။

၂၃။ မြို့ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီဝင်တစ်ဦးချင်းစီရရှိသော ဆန္ဒမဲရရှိမှုအပေါ် မူတည်၍ ဆန္ဒမဲအများဆုံးရရှိသောကော်မတီဝင်လောင်းကို မြို့စည်ပင်သာယာရေးကော်မတီ

ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ဒုတိယအများဆုံးနှင့် တတိယအများဆုံးရရှိသော ကော်မတီဝင်လောင်းများကို ကော်မတီဝင်(၂)ဦးအဖြစ်လည်းကောင်း လျာထားပြီး ပုံစံ(င)ဖြင့် မှတ်တမ်းပြုစုထားရမည်။

၂၄။ မြို့ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် မြို့စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်(၂)ဦးအဖြစ် လျာထားခံရသူများ၏ ကိုယ်ရေးအချက်အလက်များကို ပုံစံ(ဆ)ဖြင့်ပြုစုပြီး ဝန်ကြီးချုပ်ထံ တင်ပြ၍ အတည်ပြုချက်ရယူကာ ၎င်းတို့၏အမည်စာရင်းကို ကြေညာပေးရမည်။

**မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

၂၅။ မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မတီဝင်လောင်း ရွေးချယ်နိုင်ရေးအတွက် မဲပုံး၊ ဆန္ဒမဲလက်မှတ်နှင့် ပုံစံများကို စီစဉ်ဆောင်ရွက်ပေးရမည်။

၂၆။ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ရွေးချယ်ခြင်းကို မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု တစ်ခုချင်းစီမှ ရွေးချယ်ထားပြီးသော ကော်မတီဝင်လောင်း (၃)ဦးစီကို ဖိတ်ကြား၍ (၁၄)ရက်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(၁)ဦးနှင့် ကော်မတီဝင်(၂)ဦးကို ရွေးချယ်ဆောင်ရွက်ရမည်။ ထိုသို့ရွေးချယ်ရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် ဆန္ဒမဲပေး ရွေးချယ်မည့်နေရာ၊ လျှို့ဝှက်မဲပေးခန်း၊ လိုအပ်သည့်စာရွက်စာတမ်းများနှင့် အထောက်အကူပစ္စည်းများအား ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိရမည်။ ၎င်းအပြင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် မြို့နယ် ကော်မတီဝင်လောင်းများ၏ အမည်စာရင်းကို ကော်မတီဝင်လောင်းအားလုံးထံ ကြိုတင်ဝေငှပေးထားရမည်။

၂၇။ မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီဝင်လောင်းတစ်ဦးချင်းစီရရှိသော ဆန္ဒမဲရလာဒ်များကို ကြေညာ၍ ဆန္ဒမဲအများအနည်းအလိုက် ဦးစားပေးအစီအစဉ်ကို ပုံစံ(ဃ)ဖြင့် မှတ်တမ်းပြုစုရမည်။

၂၈။ မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီဝင်တစ်ဦးချင်းစီရရှိသော ဆန္ဒမဲရရှိမှုအပေါ် မူတည်၍ ဆန္ဒမဲအများဆုံးရရှိသော ကော်မတီဝင်လောင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ဒုတိယအများဆုံးနှင့် တတိယအများဆုံး ရရှိသော ကော်မတီဝင်လောင်းများကို ကော်မတီဝင်(၂)ဦး အဖြစ်လည်းကောင်း လျာထားပြီး ပုံစံ(င)ဖြင့် မှတ်တမ်းပြုစုထားရမည်။

၂၉။ မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင် (၂)ဦးအဖြစ် လျာထားခံရသူများ၏ကိုယ်ရေးအချက်အလက်များကို ပုံစံ(ဆ)ဖြင့် ပြုစုပြီး ဝန်ကြီးချုပ်ထံတင်ပြ၍ အတည်ပြုချက်ရယူကာ ၎င်းတို့၏အမည်စာရင်းကို ကြေညာပေးရမည်။

**ခရိုင်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

၃၀။ ခရိုင်အလိုက်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ခရိုင်တစ်ခုစီအတွင်းရှိ မြို့နယ်အသီးသီးမှ ရွေးချယ် တင်မြှောက်ထားသော မြို့နယ်ကော်မတီဥက္ကဋ္ဌများကို တိုင်းဒေသကြီးစည်ပင်သာယာရေး ကော်မတီဝင်အဖြစ် ဆောင်ရွက်ရန် မြို့နယ်ကော်မတီဥက္ကဋ္ဌများအနက်မှတစ်ဦးအား ရွေးချယ်ပေးရမည်။ ထိုသို့ရွေးချယ်ရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် တိုင်းဒေသကြီး ကော်မတီဝင်

လောင်းများဖြစ်သော မြို့နယ်ကော်မတီ ဥက္ကဋ္ဌများ၏ အမည်စာရင်းကို ၎င်းတို့ထံ ကြိုတင်ပေးပို့ထားရမည်။

၃၁။ ခရိုင်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီဝင်လောင်း တစ်ဦးချင်းစီရရှိသော ဆန္ဒမဲရလာဒ်များကို ကြေညာ၍ ဆန္ဒမဲအများအနည်းအလိုက် ဦးစားပေးအစီအစဉ်ကို ပုံစံ(ဃ)ဖြင့် မှတ်တမ်းပြုစုရမည်။

၃၂။ ခရိုင်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီဝင်တစ်ဦးချင်းစီရရှိသော ဆန္ဒမဲရရှိမှုအပေါ်မူတည်၍ ဆန္ဒမဲအများဆုံးရရှိသောကော်မတီဝင်လောင်း(၁)ဦးကို တိုင်းဒေသကြီးစည်ပင်သာယာရေး ကော်မတီဝင် အဖြစ်လျာထားပြီး ပုံစံ(င)ဖြင့် မှတ်တမ်းပြုစုရမည်။ ၎င်း၏ကိုယ်ရေးအချက်အလက်ကို ပုံစံ(ဆ)ဖြင့်ပြုစုပြီး ဝန်ကြီးချုပ်ထံတင်ပြ၍ အတည်ပြုချက်ရယူကာ တိုင်းဒေသကြီးစည်ပင်သာယာရေး ကော်မတီဝင်အဖြစ် ကြေညာပေးရမည်။

## အခန်း(၅)

## မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ ကြေငြာခြင်း

၃၃။ မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရပ်ကွက်တစ်ခု သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုကို မဲဆန္ဒနယ်မြေတစ်ခုအဖြစ်သတ်မှတ်ပြီး မဲဆန္ဒနယ်မြေစာရင်းကို ထုတ်ပြန်ကြေငြာရမည်။

၃၄။ မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အိမ်ထောင်စု (၁၀၀၀)အထက်ရှိသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုတွင် မဲရုံ(၁)ခုထက်ပို၍ သတ်မှတ် ထားရှိနိုင်သည်။

၃၅။ မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီဝင်လောင်းရွေးချယ်ရန်အတွက် အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ရွေးချယ်မည့်နေ့ရက်ကိုသတ်မှတ်ကာ အနည်းဆုံး(၃၀)ရက်ကြိုတင်၍ ကြေငြာရမည်။

## အခန်း(၆)

## မဲစာရင်းပြုစုခြင်း၊ ကြေငြာခြင်း

၃၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ရွေးချယ်ပွဲကျင်းပမည့်နေ့ရက် ကြေညာသည့်အခါ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအလိုက် အိမ်ထောင်စုစာရင်း (လဝကပုံစံ-၆၆/၆)မှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော အိမ်ထောင်ဦးစီးနှင့် အသက်(၁၈)နှစ်ပြည့်ပြီးသူများစာရင်းထဲမှ အိမ်ထောင်စု တစ်ခုစီက အဆိုပြုလာသော အမှန်တကယ်ဆန္ဒမဲပေးမည့် အိမ်ထောင်စုဝင်တစ်ဦး၏အမည်ကို မဲဆန္ဒရှင် အမည်စာရင်း ပုံစံ(ဂ)ဖြင့် စာရင်းကောက်ယူရမည်။

၃၇။ ကော်မတီဝင်လောင်းရွေးချယ်ရာတွင် အိမ်ထောင်စုတစ်စုလျှင် အသက် ၁၈ နှစ်ပြည့်ပြီးသော သက်ဆိုင်ရာအိမ်ထောင်စုဝင်တစ်ဦးသာ ဆန္ဒမဲပေးခွင့်ရှိရမည်။ မဲဆန္ဒရှင်အမည်စာရင်း ပုံစံ(ဂ)ကို ကော်မတီဝင် လောင်းရွေးချယ်မည့်နေ့မတိုင်မီ (၁၄)ရက် ကြိုတင်၍ အများသိရှိစေရန်ထုတ်ပြန်ကြေညာရမည်။

၃၈။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲဆန္ဒရှင်အမည်စာရင်း ပုံစံ(ဂ)တွင်ကျန်ရှိနေ၍ ကော်မတီဝင်လောင်း ရွေးချယ် မည့်နေ့မတိုင်မီ(၃)ရက်ကြိုတင်ပြီး ကျန်ရှိသူကအကြောင်းကြားလာလျှင် ၎င်း၏အမည်စာရင်းကို နိုင်ငံသား စိစစ်ရေးကဒ်ပြားနှင့် အိမ်ထောင်စုစာရင်း(လဝကပုံစံ-၆၆/၆)ကို စိစစ်ပြီး မဲဆန္ဒရှင်အမည်စာရင်း ပုံစံ(ဂ)တွင် ပြင်ဆင်ဖြည့်သွင်းပေးရမည်။

## အခန်း(၇)

## ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများ

၃၉။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤနည်းဥပဒေ ၄၀ နှင့်မငြိစွန်းသောသူများသာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

၄၀။ အောက်ပါပုဂ္ဂိုလ်များသည် ဆန္ဒမဲပေးပိုင်ခွင့်မရှိစေရ-

(က) သာသနာ့ဝန်ထမ်း ။

(ခ) ထောင်ဒဏ်ကျခံနေရသူ ။

(ဂ) စိတ်ပေါ့သွပ်သူဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ။

(ဃ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ်ခံယူထားသူ ။

(င) တပ်မတော် ဌာနချုပ်/တပ်ရင်း/တပ်ဖွဲ့များအတွင်း နေထိုင်သည့် တပ်မတော်သားများနှင့် အိမ်ထောင်စုဝင် မိသားစုများ ။

(စ) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနချုပ်/တပ်ရင်း/တပ်ဖွဲ့/တပ်ဖွဲ့ခွဲ/စခန်းများအတွင်းနေထိုင်သည့် တပ်ဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင် မိသားစုများ ။

(ဆ) ရွေးချယ်ခြင်းကာလအတွင်း စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပသို့ အကြောင်းတစ်စုံတစ်ရာ ဖြင့် ရောက်ရှိနေသူ ။

## အခန်း(၈)

## မဲရုံမှူး၏ တာဝန်များ

### မဲရုံမှူး၏ တာဝန်များ

၄၁။ မဲရုံမှူးသည် အောက်ပါတာဝန်များကို ဆန္ဒမဲပေးရွေးချယ်ခြင်းဆောင်ရွက်ပြီးသည်အထိ တာဝန်ယူ ဆောင်ရွက်ရမည်-

(က) မဲရုံမှူးသည် မဲရုံဖွင့်လှစ်ချိန်မတိုင်မီ သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့ရှေ့မှောက်တွင် ဆန္ဒမဲ လက်မှတ်များကို စိစစ်ခြင်း၊ ရေတွက်ခြင်းနှင့် ဆန္ဒမဲလက်မှတ်ပေါ်တွင် လက်မှတ်ရေးထိုးခြင်း ကိစ္စများကို ကြိုတင်ဆောင်ရွက်ထားကာ ပုံစံ(စ)ဖြင့် မှတ်တမ်းတင်ထားပြီး ဖြစ်ရမည်။

(ခ) မဲရုံမှူးသည် မဲရုံများကို နံနက်( ၆ )နာရီအချိန်တွင်စတင်ဖွင့်လှစ်၍ ညနေ( ၄ ) နာရီအချိန်တွင် တပြိုင်နက်ပိတ်သိမ်းရမည်။ သို့ရာတွင် ညနေ( ၄ )နာရီ မတိုင်မီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးပြီးပါ မဲရုံကိုပိတ်ရမည်။

(ဂ) မဲရုံမှူးသည် မဲရုံပိတ်သိမ်းချိန်တွင် မဲရုံပရဝုဏ်အတွင်းရောက်ရှိနေသော ဆန္ဒမဲ ပေးခွင့်ရှိသူမဲဆန္ဒရှင်များကို မဲပေးခွင့်ပြုရမည်။ ထိုသို့ခွင့်ပြုသည့်ကိစ္စကို ကော်မတီဝင် လောင်းများ၏ မဲရုံကိုယ်စားလှယ်များကို အသိပေးဆောင်ရွက်ရမည်။

(ဃ) မဲရုံမှူးသည် မဲဆန္ဒရှင်အမည်စာရင်း ပုံစံ(ဃ)ပါ အိမ်ထောင်စုတစ်ခုစီက အဆိုပြုထားသော အမှန်တကယ်ဆန္ဒမဲပေးမည့် အိမ်ထောင်စုဝင်တစ်ဦးမှအပ အခြားမိသားစုဝင်များကို ဆန္ဒမဲပေးခွင့်မပြုရ။

(င) မဲရုံမှူးသည် မဲဆန္ဒရှင်များဆန္ဒမဲလက်မှတ်ထုတ်ယူရာတွင် နိုင်ငံသားစိစစ် ရေးကဒ်နှင့် အိမ်ထောင်စုစာရင်း (လဝကပုံစံ-၆၆/၆)တို့ကို ပုံစံ(ဃ)ဖြင့်စိစစ်ပြီး မဲဆန္ဒရှင်ကိုယ်တိုင် လက်မှတ်ရေးထိုးခြင်း သို့မဟုတ် မဲဆန္ဒရှင်၏လက်ဝဲလက်မ လက်ဗွေနှိပ်စေ၍ ထုတ်ယူစေရမည်။

(စ) မဲရုံမှူးသည် မဲဆန္ဒရှင်များက မှားယွင်းဖြည့်သွင်းမိသော ဆန္ဒမဲလက်မှတ်များကို ကြက်ခြေ(×)အမှတ်အသားပြု၍ မှတ်တမ်းတင်ပြီး ပျက်စီးပျောက်ဆုံး မဲလက်မှတ်ပုံး အတွင်းသို့ ထည့်သွင်းရမည်။ ၎င်းမဲလက်မှတ်အစား ဆန္ဒမဲလက်မှတ်အသစ် တစ်ကြိမ်တည်းသာ ထပ်မံထုတ်ပေးရမည်။

(ဆ) မဲရုံမှူးသည် မဲရုံပိတ်သိမ်းပြီးပါက ဆန္ဒမဲလက်မှတ်များကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့များ၏ ရှေ့မှောက်၊ မဲရုံအတွင်းအများ မြင်သာသောနေရာတွင် ဆန္ဒမဲပုံး အတွင်းမှထုတ်ယူ၍ရေတွက်ပြီး ထုတ်ယူမဲ လက်မှတ် အရေအတွက်၊ ခိုင်လုံမဲ လက်မှတ်အရေအတွက်၊ ပယ်မဲအရေအတွက်၊ ပျက်စီးပျောက်ဆုံးမဲအရေအတွက်နှင့် လက်ကျန်မဲအရေအတွက်တို့ကို ခွဲခြား ရေတွက်ပြီး ပုံစံ(စ)ဖြင့် မှတ်တမ်းတင်ထားရှိကာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ် ကြီးကြပ်ရေးအဖွဲ့ဝင်များ၏ အတည်ပြု လက်မှတ်များ ရေးထိုး ထားရှိရမည်။ ဆန္ဒမဲ လက်မှတ်တစ်ခု ခိုင်လုံသည်၊ မခိုင်လုံသည်ကို သက်ဆိုင်ရာ မဲရုံမှူးကသာဆုံးဖြတ်ရမည်။

(ဇ) မဲရုံမှူးသည် ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းရှိ ဆန္ဒမဲ လက်မှတ်အရေအတွက် ကိုက်ညီမှုရှိ/မရှိကို စစ်ဆေးရမည်။ ကိုက်ညီမှုမရှိပါက ပုံစံ(စ)ဖြင့် မှတ်တမ်းတင်ထားရှိရမည်။

(ဈ) မဲရုံမှူးသည် ဆန္ဒမဲလက်မှတ်များကို တစ်မျိုးချင်းစီခွဲခြားထုပ်ပိုးချိပ်ပိတ်ပြီး ပုံစံ(စ)နှင့်အတူ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့နှင့် ကိုယ်တိုင်လိုက်ပါ၍ မြို့နယ် ရွေးချယ်ကြီးကြပ်ရေး အဖွဲ့သို့ နေ့ချင်းအရောက် ပေးပို့အပ်နှံရမည်။

၄၂။ ဆန္ဒမဲလက်မှတ်များရေတွက်ရာတွင် ဆန္ဒမဲလက်မှတ် တစ်စောင်ချင်းစီအား မဲရုံအဖွဲ့ဝင်များ၊ သက်သေများ၊ ကော်မတီဝင်လောင်း၏ကိုယ်စားလှယ်များကို ပြသ၍ ရေတွက်ရမည်။ ထိုသို့ ရေတွက်ရာတွင် အောက်ပါ ဆန္ဒမဲလက်မှတ်များကို ပယ်ရမည်-

(က) မြို့နယ်စည်ပင်သာယာရေးအဖွဲ့တံဆိပ်တုံးရိုက်နှိပ်ထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်။

(ခ) မဲရုံမှူးလက်မှတ်မပါရှိသော ဆန္ဒမဲလက်မှတ်။

(ဂ) ကော်မတီဝင်လောင်း(၁)ဦးထက်ပို၍ ဆန္ဒပြုထားသော ဆန္ဒမဲလက်မှတ်။

(ဃ) ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်။

(င) ဆန္ဒမဲလက်မှတ်အတုဖြစ်သည်ဟု မဲရုံမှူးကဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်။

(စ) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်။

(ဆ) ဆုတ်ဖြဲထားသော ဆန္ဒမဲလက်မှတ်။

၄၃။ နည်းဥပဒေ ၄၂ အရ ဆန္ဒမဲလက်မှတ်တစ်ခုကို ပယ်မဲအဖြစ်သတ်မှတ်ခြင်းခံရပါက ၎င်းဆန္ဒမဲ လက်မှတ်ပေါ်၌ဆန္ဒပြုထားသော ကော်မတီဝင်လောင်းများအတွက် ခိုင်လုံမဲအဖြစ် ရေတွက်ခွင့်မရှိစေရ။

၄၄။ ဤနည်းဥပဒေနှင့်အညီ ကော်မတီဝင်ရွေးချယ်သည့်နေ့တွင် သဘောရိုးဖြင့်ဆောင်ရွက်ခဲ့သော ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များကို တရားစွဲဆိုအရေးယူအပြစ်ပေးခြင်းမရှိစေရ။

## အခန်း (၉)

## ဆန္ဒမဲပေးရွေးချယ်ခြင်း

### ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မဲဆန္ဒရှင်များ ဆန္ဒမဲပေးရွေးချယ်ခြင်း

၄၅။ မဲဆန္ဒရှင်များသည် နိုင်ငံသားစိစစ်ရေးကဒ်နှင့် အိမ်ထောင်စုစာရင်း (လဝကပုံစံ-၆၆/၆) တင်ပြ၍ ဆန္ဒမဲလက်မှတ်ထုတ်ယူရမည်။

၄၆။ မဲဆန္ဒရှင်များသည် ဆန္ဒမဲလက်မှတ်ထုတ်ယူပြီးပါက ဆန္ဒမဲလက်မှတ်ပေါ်ရှိ မိမိရွေးချယ်လိုသော ကော်မတီဝင်လောင်း(၁)ဦး၏ အမည်နှင့်ယှဉ်တွဲလျှက်ရှိသော ဇယားကွက်နေရာတွင် အမှန်(Â) အမှတ်အသား များဖြင့် လျှို့ဝှက်ဆန္ဒပြုရမည်။

၄၇။ လျှို့ဝှက်ဆန္ဒမဲပေးရွေးချယ်ရာတွင် ဆန္ဒမဲလက်မှတ်ပေါ်၌ မှားယွင်း၍ဖြည့်သွင်းမိပါက မဲရုံမှူးထံ တင်ပြ၍ ဆန္ဒမဲလက်မှတ်အသစ် တစ်ကြိမ်တည်းသာလဲလှယ်၍ ဆန္ဒမဲပေး ရွေးချယ်ရမည်။

### မြို့နယ်နှင့်မြို့ကော်မတီဝင်များ ဆန္ဒမဲပေးရွေးချယ်ခြင်း

၄၈။ မြို့နယ်နှင့်မြို့ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များကို ရွေးချယ်ရာတွင် ကော်မတီဝင်လောင်း အချင်းချင်းလျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ရမည်။

၄၉။ ထိုသို့ မြို့နယ်နှင့် မြို့ကော်မတီဝင်လောင်းအချင်းချင်း ဆန္ဒမဲပေးရွေးချယ်ရာတွင် ကော်မတီဝင်လောင်း တစ်ဦးလျှင် မိမိရွေးချယ်လိုသည့် ကော်မတီဝင်လောင်း(၁)ဦး၏အမည်ကို စာဖြင့်ကိုယ်တိုင်ရေးသား၍လျှို့ဝှက် ဆန္ဒပြုရမည်။

၅၀။ ထိုသို့ရွေးချယ်ရာတွင် ဥက္ကဋ္ဌနေရာအတွက်ဖြစ်စေ၊ ကော်မတီဝင်များ၏နေရာများအတွက်ဖြစ်စေ ဆန္ဒမဲရရှိမှုတူညီနေလျှင် ဆန္ဒမဲတူရရှိသောကော်မတီဝင်လောင်းများကို ကျန်ကော်မတီဝင်လောင်းများ၏ ဆန္ဒမဲဖြင့် မဲအနည်းအများရရှိမှုကို အဆုံးအဖြတ်ရရှိသည်အထိ ထပ်မံရွေးချယ်ရမည်။

**တိုင်းဒေသကြီးကော်မတီဝင်များ ဆန္ဒမဲပေးရွေးချယ်ခြင်း**

၅၁။ တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီဝင်များကို ရွေးချယ်ရာတွင် ကော်မတီဝင်လောင်း အချင်းချင်းလျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ရမည်။

၅၂။ ထိုသို့ ကော်မတီဝင်လောင်းအချင်းချင်း ဆန္ဒမဲပေးရွေးချယ်ရာတွင် ကော်မတီဝင်လောင်းတစ်ဦးလျှင် မိမိရွေးချယ်လိုသည့် ကော်မတီဝင်လောင်း (၁)ဦး၏အမည်ကို စာဖြင့်ကိုယ်တိုင်ရေးသား၍ လျှို့ဝှက် ဆန္ဒပြုရမည်။

၅၃။ ထိုသို့ရွေးချယ်ရာတွင် ကော်မတီဝင်များ၏ ဆန္ဒမဲရရှိမှုတူညီနေလျှင် ဆန္ဒမဲတူရရှိသော ကော်မတီဝင် လောင်းများကို ကျန်ကော်မတီဝင်လောင်းများ၏ဆန္ဒမဲဖြင့် မဲအနည်းအများရရှိမှုကို အဆုံးအဖြတ်ရရှိသည်အထိ ထပ်မံရွေးချယ်ရမည်။

## အခန်း(၁၀)

## ကန့်ကွက်လွှာတင်သွင်းခြင်းနှင့် အဆုံးအဖြတ်ပေးခြင်း

**ရွေးချယ်ခံမည့်ကော်မတီဝင်လောင်းများ ကန့်ကွက်လွှာတင်သွင်းခြင်းနှင့် အဆုံးအဖြတ်ပေးခြင်း**

၅၄။ အမည်စာရင်းတင်သွင်းလာသော ရွေးချယ်ခံမည့်ကော်မတီဝင်လောင်းများကို ကန့်ကွက်လိုပါက အမည်စာရင်းကြေညာသည့်ရက်မှ(၅)ရက်အတွင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေး အဖွဲ့သို့ ခိုင်လုံသောအကြောင်းပြချက်ဖြင့် အထောက်အထားပြည့်စုံစွာဖော်ပြလျှက် ပုံစံ(ခ)ဖြင့် ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းလာသော ကန့်ကွက်လွှာများကို လက်ခံခြင်းမပြုရ။

၅၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီဝင်လောင်းတစ်ဦးကို ဖြစ်စေ၊ တစ်ဦးထက်ပို၍ဖြစ်စေ ကန့်ကွက်ချက်ကို သတ်မှတ်ကာလအတွင်း လက်ခံရရှိလျှင် ၎င်းကန့်ကွက်လွှာ မှန်၊ မမှန်အမှုတွဲဖွင့်လှစ်ပြီး (၃)ရက်အတွင်း အပြီးစုံစမ်းစစ်ဆေး၍ မှန်ကန်ကြောင်းတွေ့ရှိလျှင် စုံစမ်းခံရသူကို ရွေးချယ်ခံမည့်ကော်မတီဝင်လောင်းအဖြစ်မှပယ်ဖျက်ပြီး မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သို့တင်ပြရမည်။ မှန်ကန်မှုမရှိကြောင်း စုံစမ်းတွေ့ရှိလျှင် ကန်ကွက်ချက်ကို ပယ်ချနိုင်သည်။ ယင်းသို့ပယ်ချကြောင်းကို ကန့်ကွက်လွှာ တင်သွင်းသူထံ စာဖြင့်ပြန်ကြားရမည်။

**မြို့နယ်ကော်မတီဝင်လောင်းများ ကန့်ကွက်လွှာတင်သွင်းခြင်းနှင့် အဆုံးအဖြတ်ပေးခြင်း**

၅၆။ တရားမဲ့ပြုကျင့်မှု တစ်စုံတရာပေါ်ပေါက်လျှင်ဖြစ်စေ၊ ရွေးချယ်တင်မြှောက်ခံရသော ကော်မတီဝင်လောင်း တစ်ဦးကို ၎င်းနှင့်ယှဉ်ပြိုင်ဘက်တစ်ဦးဦးက ကန့်ကွက်လိုလျှင်ဖြစ်စေ၊ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သော ရွေးချယ်ခြင်းသည် တရားမျှတမှုမရှိကြောင်းအကြောင်းပြ၍ ကန့်ကွက်လိုလျှင်ဖြစ်စေ၊ ဆန္ဒမဲပေးရွေးချယ်ပြီးသော ကော်မတီဝင်လောင်းများ၏ အမည်စာရင်းကို ကန့်ကွက်လိုပါက အမည်စာရင်း ကြေညာသည့်ရက်မှ (၅)ရက် အတွင်း မြို့နယ်ရွေးချယ်ကြီးကြပ်

ရေးအဖွဲ့သို့ ခိုင်လုံသောအကြောင်းပြချက်ဖြင့် အထောက်အထားပြည့်စုံစွာ ဖော်ပြလျှက် ပုံစံ(ခ)ဖြင့် ကန့်ကွက်လွှာတင်သွင်းနိုင်သည်။

၅၇။ ကန့်ကွက်လွှာတင်သွင်းသူသည် ကန့်ကွက်လိုပါက မိမိကန့်ကွက်လွှာနှင့်အတူ ကုန်ကျမည့် အမှုစရိတ်အတွက် ကန့်ကွက်ကြေးတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀(ကျပ်ငါးသောင်း)ကို သက်ဆိုင်ရာ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ငွေစာရင်းသို့ ကြိုတင်ပေးသွင်းရမည်။ ကန့်ကွက်လွှာတစ်စောင်၌ ကန့်ကွက်သူတစ်ဦးထက် ပို၍ပါရှိလျှင် ကန့်ကွက်သူတစ်ဦးချင်းအလိုက် ကန့်ကွက်ကြေးငွေကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်း)စီ ပေးသွင်းရမည်။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းလာသော ကန့်ကွက်လွှာများကိုလက်ခံခြင်းမပြုရ။

၅၈။ မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ဆန္ဒမဲပေးရွေးချယ်ပြီးသော ကော်မတီဝင်လောင်းတစ်ဦးကို ဖြစ်စေ၊ တစ်ဦးထက်ပို၍ဖြစ်စေ ကန့်ကွက်ချက်ကို သတ်မှတ်ကာလအတွင်း လက်ခံရရှိလျှင် ၎င်းကန့်ကွက်လွှာ မှန်၊ မမှန်အမှုတွဲဖွင့်လှစ်ပြီး (၃)ရက်အတွင်း အပြီးစုံစမ်းစစ်ဆေး၍ မှန်ကန်ကြောင်းတွေ့ရှိလျှင် စုံစမ်းခံရသူကို အသိပေးပြီး ကော်မတီဝင်လောင်းအဖြစ်မှ ပယ်ဖျက်ကြောင်း ကြေညာရမည်။ မှန်ကန်မှုမရှိကြောင်း စုံစမ်းတွေ့ရှိ လျှင် ကန့်ကွက်ချက်ကို ပယ်ချနိုင်သည်။ ယင်းသို့ပယ်ချကြောင်းကို ကန့်ကွက်လွှာတင်သွင်းသူထံ စာဖြင့်ပြန်ကြားရမည်။ကန့်ကွက်ချက်မှန်ကန်ကြောင်း စုံစမ်းစစ်ဆေးတွေ့ရှိပါက ကန့်ကွက်ကြေးကို ကန့်ကွက်သူအား ပြန်လည် ထုတ်ပေးရမည်။ ကန့်ကွက်ချက်သည် မှန်ကန်မှုမရှိပါက ကန့်ကွက်ကြေးကို ပြန်လည်ထုတ်ပေးခြင်း မပြုရ။

**မြို့နယ်နှင့် မြို့ကော်မတီဝင်များ ကန့်ကွက်လွှာတင်သွင်းခြင်းနှင့် အဆုံးအဖြတ်ပေးခြင်း**

၅၉။ တရားမဲ့ပြုကျင့်မှု တစ်စုံတရာပေါ်ပေါက်လျှင်ဖြစ်စေ၊ ရွေးချယ်တင်မြှောက်ခံရသော ကော်မတီဝင် တစ်ဦးကို ၎င်းနှင့်ယှဉ်ပြိုင်ဘက်တစ်ဦးဦးက ကန့်ကွက်လိုလျှင်ဖြစ်စေ၊ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သော ရွေးချယ်ခြင်းသည် တရားမျှတမှုမရှိကြောင်းအကြောင်းပြ၍ ကန့်ကွက်လိုလျှင်ဖြစ်စေ၊ ထိုမဲဆန္ဒနယ်မှ ရွေးချယ်တင်မြှောက်ခံရသူကော်မတီဝင်၏အမည်ကို မြို့နယ်သို့မဟုတ် မြို့ရွေးချယ်ကြီးကြပ်ရေးအဖွဲ့က ကြေညာ သည့် နေ့မှစ၍ (၇)ရက်အတွင်း မြို့နယ်သို့မဟုတ် မြို့ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သို့ ခိုင်လုံသောအကြောင်းပြချက်ဖြင့် အထောက်အထားပြည့်စုံစွာဖော်ပြလျှက် ပုံစံ(ခ)ဖြင့် ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။

၆၀။ ကန့်ကွက်လွှာတင်သွင်းသူသည် ကန့်ကွက်လိုပါက မိမိကန့်ကွက်လွှာနှင့်အတူ ကုန်ကျမည့် အမှုစရိတ်အတွက် ကန့်ကွက်ကြေးတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း)ကို သက်ဆိုင်ရာ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ငွေစာရင်းသို့ ကြိုတင်ပေးသွင်းရမည်။ ကန့်ကွက်လွှာတစ်စောင်၌ ကန့်ကွက်သူတစ်ဦးထက် ပို၍ပါရှိလျှင် ကန့်ကွက်သူတစ်ဦးချင်းအလိုက် ကန့်ကွက်ကြေးငွေကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း)စီ ပေးသွင်းရမည်။သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းလာသော ကန့်ကွက်လွှာများကိုလက်ခံခြင်းမပြုရ။

၆၁။ မြို့နယ် သို့မဟုတ် မြို့ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီဝင်တစ်ဦးကိုဖြစ်စေ၊ တစ်ဦးထက် ပို၍ဖြစ်စေ ကန့်ကွက်ချက်ကို သတ်မှတ်ကာလအတွင်းလက်ခံရရှိလျှင် ၎င်းကန့်ကွက်လွှာမှန်၊ မမှန်ကို အမှုတွဲ ဖွင့်လှစ်ပြီး (၃)ရက်အတွင်း အပြီးစုံစမ်းစစ်ဆေးရမည်။ အဆိုပါ

ကန့်ကွက်လွှာပါ အကြောင်းအရာအားလုံးကို စုံစမ်းစစ်ဆေး၍ မှန်ကန်ကြောင်းတွေ့ရှိပါက ဝန်ကြီးချုပ်ထံတင်ပြပြီး ဝန်ကြီးချုပ်၏အတည်ပြုချက်ဖြင့် ကော်မတီဝင် အဖြစ်မှ ပယ်ဖျက်ကြောင်း ကြေညာရမည်။ မှန်ကန်မှုမရှိကြောင်း စုံစမ်းတွေ့ရှိလျှင် ကန့်ကွက်ချက်ကို ပယ်ချနိုင် သည်။ ယင်းသို့ ပယ်ချကြောင်းကို ကန့်ကွက်သူအား စာဖြင့်ပြန်ကြားရမည်။ ကန့်ကွက်ချက် မှန်ကန်ကြောင်း စုံစမ်းစစ်ဆေးတွေ့ရှိပါက ကန့်ကွက်ကြေးကို ကန့်ကွက်သူအား ပြန်လည်ထုတ်ပေးရမည်။ ကန့်ကွက်ချက်သည် မှန်ကန်မှုမရှိပါက ကန့်ကွက်ကြေးကို ပြန်လည်ထုတ်ပေးခြင်း မပြုရ။

၆၂။ ရွေးချယ်ကြီးကြပ်ရေးအဖွဲ့အဆင့်ဆင့်သည် ကော်မတီဝင်၏တိုက်တွန်းချက် သို့မဟုတ် သဘော တူညီချက်မပါသော အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ တရားမဲ့ပြုကျင့်မှုတစ်ခုခုကြောင့် ကော်မတီဝင်တွင် အပြစ်ရှိသည်ဟု မှတ်ယူခြင်းမပြုရ။

## အခန်း (၁၁)

## တရားမဲ့ပြုကျင့်မှုများ

၆၃။ အောက်ပါတို့သည် တရားမဲ့ပြုကျင့်မှုများဖြစ်သည်-

(က) ကော်မတီဝင်လောင်းမှုဖြစ်စေ၊ ယင်း၏ကိုယ်စားလှယ်မှုဖြစ်စေ၊ ယင်းတို့တစ်ဦးဦး၏ သဘောတူညီချက်ဖြင့် အခြားသူတစ်ဦးဦးက ဖြစ်စေ-

(၁) လာဘ်ပေး၊ လာဘ်ယူမှု ပြုလုပ်ခြင်း ။

(၂) ရွေးချယ်ခြင်းဆိုင်ရာအခွင့်အရေးကို အနှောင့်အယှက်ပြုလုပ်ခြင်း ။

(၃) သူတစ်ပါး အယောင်ဆောင်ခြင်း ။

(၄) မဟုတ်မမှန် ပြောဆိုကြေညာခြင်း ။

(၅) မဟုတ်မမှန် ဝန်ခံလက်မှတ်ရေးထိုးခြင်း ။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မတီဝင်လောင်းရွေးချယ်ရာတွင် တစ်ကြိမ်ထက် ပို၍ဆန္ဒမဲပေးခြင်း သို့မဟုတ် အခြားရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုများ၏ ကော်မတီဝင်လောင်း ရွေးချယ်ပွဲများတွင် မိမိလိုလားသော ကော်မတီဝင်လောင်းအား ဆန္ဒမဲပေးခြင်းဖြင့် အကျိုးရှိစေခြင်း ။

(ဂ) ကော်မတီဝင်လောင်းအဖြစ်ပါဝင်ရန် သို့မဟုတ် မပါဝင်ပဲနေရန် သို့မဟုတ် ကော်မတီဝင်လောင်း အဖြစ်မှနုတ်ထွက်ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကျေးဇူးတုံ့ပြန်ချက်ဖြင့်ဖြစ်စေ တစ်ဦးတစ်ယောက် သောသူက လာဘ်လာဘ လက်ခံခြင်း သို့မဟုတ် လာဘ်လာဘလက်ခံရန် သဘောတူခြင်း ။

(ဃ) ဆန္ဒမဲပေးရန် သို့မဟုတ် ဆန္ဒမဲမပေးဘဲနေရန် မဲဆန္ဒရှင်တစ်ဦးဦးကို သွေးဆောင်ရန်ဖြစ်စေ၊ သွေးဆောင်လိုသဖြင့် အားထုတ်ရန်ဖြစ်စေ၊ တစ်ဦးတစ်ယောက်သောသူက မိမိအတွက် သို့မဟုတ် သူတစ်ပါးအတွက် လာဘ်လာဘလက်ခံရန် သဘောတူခြင်း ။

(င) ကော်မတီဝင်လောင်း သို့မဟုတ် ယင်း၏ကိုယ်စားလှယ်၏ တိုက်တွန်းချက်ဖြင့်သော်လည်းကောင်း၊ သဘောတူညီချက်ဖြင့်သော်လည်းကောင်း မဲဆန္ဒရှင်က ဆန္ဒမဲပေးချိန်တွင် မိမိ၏ ဆန္ဒမဲလက်မှတ်ကို မဲရုံမှ အခြားသို့ယူဆောင်သွားခြင်း ။

(စ) ကော်မတီဝင်လောင်းကဖြစ်စေ၊ ယင်း၏ကိုယ်စားလှယ်ကဖြစ်စေ၊ ယင်းတို့တစ်ဦးဦး၏ သဘောတူညီချက်အရ အခြားသူတစ်ဦးကဖြစ်စေ ကော်မတီဝင်လောင်းတစ်ဦးအဖြစ် ရွေးချယ် တင်မြှောက်ခံရရေးအတွက် အကူအညီကို အခြားဝန်ထမ်းတစ်ဦးဦးထံမှ ရယူခြင်း၊ ရယူရန် အားပေးကူညီခြင်း သို့မဟုတ် ရယူရန်အားထုတ်ခြင်း။

(ဆ) ကော်မတီဝင်လောင်းတစ်ဦး ရွေးချယ်တင်မြှောက်ခံရရေးအတွက် ဘာသာရေးအထိမ်းအမှတ်များကို ရွေးကောက်ပွဲတွင်အသုံးပြုခြင်း သို့မဟုတ် လူမျိုးကိုဖြစ်စေ၊ ကိုးကွယ်ရာဘာသာကိုဖြစ်စေ အကြောင်းပြု၍ မဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ခြင်း

(ဇ) ကော်မတီဝင်လောင်းတစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် အဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ အကြမ်းဖက်ခြင်း၊ မမှန်မကန်စွပ်စွဲခြင်း၊ ရေးသားခြင်း၊ အများပြည်သူဆူပူမှုဖြစ်အောင် ဖန်တီးခြင်း ။

(ဈ) ကော်မတီဝင်လောင်းမဟုတ်သောသူတစ်ဦးဦးက ၎င်းကော်မတီဝင်လောင်း၏ခွင့်ပြုချက် မရရှိဘဲ ကော်မတီဝင်လောင်းအဖြစ် ရွေးချယ်တင်မြှောက်ခံရစေရန်ဖြစ်စေ၊ ရွေးချယ် တင်မြှောက်ခံ ရရေးအတွက် အားပေးလိုသောကြောင့်ဖြစ်စေ၊ အစည်းအဝေးကျင်းပ၍ သော်လည်းကောင်း၊ စာရွက်စာတမ်းဝေငှ၍သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့် သော်လည်းကောင်း၊ ငွေအကုန်အကျခံခြင်း သို့မဟုတ် ငွေအကုန်အကျခံရန် ခွင့်ပြုခြင်း။

(ည) ပုံနှိပ်သူ၊ ထုတ်ဝေသူတို့၏အမည်၊ နေရပ် မပါရှိသော ရွေးချယ်ခြင်းနှင့်သက်ဆိုင်သည့် ကြော်ငြာ၊ စာရွက်စာတမ်း၊ ပိုစတာ စသည်တို့ကို ဖြန့်ချီထုတ်ဝေခြင်းဖြင့် မိမိလိုလားသော ကော်မတီဝင်လောင်းအား အကျိုးရှိစေခြင်း။

## အခန်း(၁၂)
## အယူခံဝင်ခြင်း

၆၄။ ရွေးချယ်ကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် မကျေနပ်သူသည် ယင်းသို့ဆုံးဖြတ်ချက်ချသည့် နေ့မှစ၍ (၁၅ )ရက်အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

၆၅။ မိမိအယူခံလွှာနှင်အတူ ရွေးချယ်ကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်တရားဝင်မိတ္တူကို ပူးတွဲတင်ပြရမည်။

၆၆။ ဝန်ကြီးသည်အယူခံလွှာကို လက်ခံရရှိသည်နှင့်တပြိုင်နက် ရွေးချယ်ကြီးကြပ်ရေးအဖွဲ့၏ စုံစမ်းစစ်ဆေးရေးအမှုတွဲကိုတောင်းခံ၍ အယူခံမှုကိုကြားနာပြီး ဆုံးဖြတ်ရမည်။ ဝန်ကြီး၏ ဆုံးဖြတ်ချက် သည် အပြီးအပြတ်အတည်ဖြစ်စေရမည်။

၆၇။ ကော်မတီဝင်အဖြစ်မှ ပယ်ချခံရခြင်းကြောင့် အယူခံဝင်သည့်အမှု၌ ရွေးချယ်ကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို ဝန်ကြီးက ပယ်ဖျက်ခဲ့လျှင် ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီဝင်ရွေးချယ်ခံရသူကိုပင် ရွေးချယ်ခံရသူအဖြစ် ဆက်လက်အသိအမှတ်ပြုရမည်။

၆၈။ ကော်မတီဝင်အဖြစ်မှ ပယ်ချခံရခြင်းကြောင့် အယူခံဝင်သည့်အမှု၌ ရွေးချယ်ကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို ဝန်ကြီးက အတည်ပြုခဲ့လျှင် ထိုအမိန့်နှင့်အညီ ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီဝင်များစာရင်းမှ ပယ်ဖျက်ပြီး ကော်မတီဝင်အသစ်ကို ဤနည်းဥပဒေနှင့်အညီ ပြန်လည်ရွေးချယ်ရမည်။

## အခန်း(၁၃)
## လစ်လပ်နေရာများကို ထပ်မံဖြည့်စွက်ခြင်း၊ ပြန်လည်ရွေးချယ်ခန့်ထားခြင်း

၆၉။ မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေး အဖွဲ့များမှ ရွေးချယ်တင်ပြလာသော ကော်မတီဝင်လောင်းများကို မှတ်တမ်းတင်ထားရှိရမည်။

၇၀။ ဤနည်းဥပဒေ ၆၁ နှင့် ၆၈ တို့အရ ကန့်ကွက်ခြင်းကြောင့် မြို့နယ်နှင့် မြို့ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်ရာထူးနေရာများလစ်လပ်ခဲ့လျှင် နည်းဥပဒေ၂၂ နှင့်၂၇ တို့အရ ပုံစံ(ဃ) ဖြင့်မှတ်တမ်းပြုစုထားသော ကော်မတီဝင်လောင်းများတစ်ဦးချင်းစီရရှိသည့် ဆန္ဒမဲအများအနည်းအလိုက်ဦးစားပေးအစီအစဉ်အတိုင်း လစ်လပ်နေရာ ရာထူးများလျာထားပြီး ဝန်ကြီးချုပ်၏အတည်ပြုချက်ဖြင့် ပြန်လည်ခန့်ထားရမည်။

၇၁။ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(ဃ)အရ မြို့နယ်ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်တစ်ဦးဦးကို ကော်မတီတာဝန်မှရပ်စဲခြင်းကြောင့် ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်ရာထူး နေရာများလစ်လပ်ခဲ့လျှင် ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လစ်လပ်ရာထူးနေရာများ အစားထိုးရွေးချယ်ခန့်ထားခြင်းကို ဆောင်ရွက်ရမည်။ ယင်းသို့ ရွေးချယ်ရာတွင် ကော်မတီတာဝန် စတင်တာဝန် ထမ်းဆောင်ခဲ့မှုသည် (၆)လအတွင်း လစ်လပ်လျှင် မူလရွေးချယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ အပြောင်းအလဲ မရှိပါက ၎င်းရွေးချယ်ရေးအဖွဲ့ကပင် ယခင်ရွေးချယ်လျာထားခံရသော ကော်မတီလောင်းများထဲမှ လစ်လပ်နေရာများကို ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထပ်မံရွေးချယ်ရမည်။

၇၂။ အကယ်၍ ကော်မတီရွေးချယ်ခန့်ထားခဲ့သည့် သက်တမ်းအတွင်း ကော်မတီဝင်ရာထူးနေရာလစ်လပ် စေကာမူ ရွေးချယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ အပြောင်းအလဲရှိခဲ့လျှင် သို့မဟုတ် လစ်လပ်ခဲ့သည့် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူသည် ဤနည်းဥပဒေနှင့်အညီ ရွေးချယ်ကြီးကြပ်ရေးအဖွဲ့ကို ထပ်မံဖွဲ့စည်းရမည်။ သို့ရာတွင် ၎င်းရွေးချယ်ကြီးကြပ်ရေး အဖွဲ့သစ်သည် မူလကရွေးချယ်ခံထားရသော ကော်မတီဝင် လောင်းများထဲမှပင် လစ်လပ်ကော်မတီဝင်ရာထူး နေရာများကို ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ထပ်မံရွေးချယ်ရမည်။

၇၃။ တိုင်းဒေသကြီး ကော်မတီဝင်၊ မြို့ကော်မတီဥက္ကဋ္ဌနှင့် မြို့ကော်မတီဝင်များ လစ်လပ်ပါက သက်ဆိုင်ရာရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ဤနည်းဥပဒေ ၇၁ နှင့် ၇၂ ပါအတိုင်းရွေးချယ်ပေးရမည်။

၇၄။ ယင်းသို့ရွေးချယ်ထားပြီးဖြစ်သည့် ကော်မတီဝင်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ အတည်ပြုချက်ဖြင့် လစ်လပ်နေရာရာထူး၌ ဖြည့်စွက်ခန့်ထားရမည်။ လစ်လပ်ရာထူးနေရာတွင် အစားထိုးခန့်အပ်ခြင်းခံရသော ကော်မတီဝင်၏သက်တမ်းသည် ဝန်ကြီးချုပ်က အတည်ပြုသည့် နေ့မှစ၍ ကော်မတီ၏ကျန်သက်တမ်း ကုန်ဆုံးသည့် နေ့ရက်အထိဖြစ်သည်။

## အခန်း( ၁၄ )
## ကော်မတီသက်တမ်းနှင့် ချီးမြှင့်ထောက်ပံ့ငွေ

၇၅။ ကော်မတီများ၏သက်တမ်းသည် ပုံမှန်အားဖြင့် အစိုးရသက်တမ်းနှင့်အညီဖြစ်သည်။

၇၆။ ကော်မတီဝင်ရွေးချယ်ခြင်းများကို ကော်မတီသက်တမ်းမပြည့်မီ (၆)လအတွင်းပြီးစီးအောင် ဆောင်ရွက်ရမည်။ ကော်မတီဝင်တစ်ဦးသည် ကော်မတီသက်တမ်း(၂)ကြိမ်အထိသာ ရွေးချယ်ခံပိုင်ခွင့်ရှိသည်။

၇၇။ ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောထားရယူ၍ မြို့နယ်နှင့်မြို့ကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၏ လစဉ်ချီးမြှင့်ထောက်ပံ့ငွေနှင့် စရိတ်ငွေများကို သတ်မှတ်ပေးရမည်။

၇၈။ မြို့နယ်နှင့်မြို့ ကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၏ ချီးမြှင့်ထောက်ပံ့ငွေနှင့်စရိတ်ငွေများကို စည်ပင်သာယာရေးအဖွဲ့သာမန် အသုံးစရိတ်မှကျခံရမည် ။

## အခန်း( ၁၅ )
## အထွေထွေ

၇၉။ ဤနည်းဥပဒေများအရဆောင်ရွက်ရန် နောက်ဆုံးနေ့ရက်အဖြစ် သတ်မှတ်သောနေ့ရက်သည် အများ ပြည်သူရုံးပိတ်ရက်ဖြစ်ပါက ရုံးပြန်ဖွင့်သည့်နေ့တွင် ယင်းကိစ္စကို နောက်ဆုံးနေ့အဖြစ် ဆောင်ရွက်ခွင့်ရှိသည်။

၈၀။ ဤနည်းဥပဒေ ၁၈ နှင့် ၃၅ တို့အရ ကော်မတီဝင်လောင်းရွေးချယ်မည့် နေ့ရက်ကို ကြေညာရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အများမြင်သာသည့်နေရာများ၌ ကြေညာချက်မိတ္တူများကပ်ခြင်းဖြင့် ကျယ်ကျယ်ပြန့်ပြန့်ကြေညာရမည်။

၈၁။ ဤနည်းဥပဒေအရပြုလုပ်သည့် ရွေးချယ်ကြီးကြပ်ရေးအဖွဲ့အဆင့်ဆင့်၏ ရွေးချယ်ခြင်းဆိုင်ရာကုန်ကျ စရိတ်များကို သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ သာမန်အသုံးစရိတ်မှ ကျခံသုံးစွဲရမည်။

၈၂။ စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးဌာနသည် ဤနည်းဥပဒေအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို မိမိလက်အောက်ရှိသက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး အား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၈၃။ ဝန်ကြီးသည် ဤနည်းဥပဒေပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ကြေညာနိုင်သည်။
၈၄။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကထုန်ပြန်ခဲ့သော ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး နည်းဥပဒေကို ဤနည်းဥပဒေဖြင့် ပယ်ဖျက်လိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**ဝင်းသိန်း**

**ဝန်ကြီးချုပ်**
**ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့**